# ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူ နှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ကုမ္ပဏီလီမိတက်များ၊ နိုင်ငံတော်က မှတ်ပုံတင်ဖြင့် ခွင့်ပြုထားသောအသင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သံတမန် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း များ စသည်တို့ကို ဆိုသည်၊

(ခ) **ဘဏ်** ဆိုသည်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် မြို့နယ်ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲကို ဆိုသည်။

# အခန်း (၂)

## ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲခြင်း

၃။ နိုင်ငံတော်အတွင်းတွင် လှည့်လည် သုံးစွဲလျက်ရှိသော ငွေစက္ကူ ကျပ် ၁၀၀ (ကျပ်တစ်ရာတန်)၊ ကျပ် ၅၀ (ကျပ်ငါးဆယ်တန်) နှင့် ကျပ် ၂၀ (ကျပ်နှစ်ဆယ်တန်) တို့ကို ၁၃၄၇ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၅ ရက် (၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) မွန်းလွဲ တစ်နာရီအချိန်မှစ၍ တရားဝင်သုံးစွဲခြင်းမှ ရုပ်စဲလိုက်သည်။

၄။ ပုဒ်မ ၃ တွင် ဖော်ပြထားသော ငွေစက္ကူများကို လက်ဝယ်ရှိသူသည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တနင်္လာနေ့မှစ၍ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် အင်္ဂါနေ့အထိ မိမိနေထိုင်ရာ မြို့နယ်ရှိဘဏ်တွင် သတ်မှတ်ထားသော ပုံစံဖြင့် လာရောက်အပ်နှံရမည်။

၅။ မိမိနေထိုင်ရာ မြို့နယ်တွင် ဘဏ်မရှိလျှင် နီးစပ်ရာမြို့နယ် ဘဏ်ခွဲတွင် အပ်နှံရမည်။

၆။ ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ ငွေစက္ကူများကို လာရောက် အပ်နှံရာတွင် အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ် အတွက် တစ်ဦး သာလျှင် တစ်ကြိမ်တည်းနှင့် အပြီးအပ်နှံရမည်။

၇။ အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ် အတွက် တစ်ကြိမ်ထက်ပို၍အပ်နှံလျှင် အနည်းဆုံးအပ်နှံသည့်ငွေကိုသာ အသိအမှတ်ပြုရမည်။ ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၈။ အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်အတွက် တစ်ဦးထက်ပို၍ ငွေစက္ကူ လာရောက်အပ်နှံလျှင် အနည်းဆုံး အပ်နှံသည့်

ငွေကိုသာ အသိအမှတ်ပြုရမည်။ ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင် အဖြစ် သိမ်းယူခြင်းခံရမည်။

၉။ ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံသော ငွေစက္ကူ များ၏ စုစုပေါင်းတန်ဖိုးသည် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်) ထက် မကျော်လျှင် ယင်းအပ်နှံငွေကို တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်။

၁၀။ ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်အပ်နှံငွေ၏ ငါးဆယ် ရာခိုင်နှုန်းကိုလည်း တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်။

၁၁။ ပုဒ်မ ၁၀ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေသည် အောက်ပါ တို့နှင့် ညီညွတ်ပါက တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်—

(က) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံထား သော ငွေများကို တရားဝင် လက်ဝယ် ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်း၊

(ခ) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံ ထားသော ငွေများအတွက် သက်ဆိုင်ရာ ဥပဒေများအရ ကျသင့်သော အခွန်အခများပေးဆောင်ပြီးဖြစ်ခြင်း။

## အခန်း (၃)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၂။ သက်ဆိုင်သူသည် ပုဒ်မ ၁၀ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေ များနှင့် စပ်လျဉ်း၍—

(က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထား သော ငွေသည် တရားဝင် လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်သော်လည်း

ကျသင့်သော အခွန်အခများ ပေးဆောင်ခြင်းမရှိသေးလျှင် ထိုအခွန်အခနှင့် သတ်မှတ်ထားသော ဒဏ်ကြေးကို ထိုငွေမှ ခုနှိမ်၍ ကျန်ငွေကို လဲလှယ်ပေးရမည်။ သို့သော်လည်း ကျန်ငွေသည် ပေးရန်ရှိသော အခွန်အခနှင့် သတ်မှတ်ထားသော ဒဏ်ကြေးများအတွက် ခုနှိမ်ရန် မလုံလောက်ပါက ထပ်မံပေးသွင်းရမည်၊

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသော ငွေသည် တရားဝင် လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်း မရှိပါက ထိုကျန်သော ငွေကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၁၃။ မည်သူမဆို ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံရန် မဟုတ်ဘဲ တရားမဝင်သော ငွေစက္ကူများကို သယ်ဆောင်ကြောင်း တွေ့ရှိရပါက ထိုငွေစက္ကူများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၁၄။ ကျပ်တစ်ရာတန် ငွေစက္ကူ သို့မဟုတ် ကျပ်ငါးဆယ်တန် ငွေစက္ကူ သို့မဟုတ် ကျပ်နှစ်ဆယ်တန်ငွေစက္ကူကို ပြန်လည်အပ်နှံရာ၌ မရိုးမဖြောင့်သော သဘောဖြင့် မိမိပိုင်ဖြစ်သည်ဟု ဖော်ပြ၍ လဲလှယ်သွားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လဲလှယ်သည့်ငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် လဲလှယ်သွားသောငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။

၁၅။ ပုဒ်မ ၇ အရ ဖြစ်စေ၊ ပုဒ်မ ၈ အရ ဖြစ်စေ အသိအမှတ်ပြုသည့် အနည်းဆုံး အပ်နှံသောငွေထက် ပို၍ထုတ်ယူသွားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းပို၍ထုတ်ယူသောငွေကို ပြန်လည် ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် ပို၍ထုတ်ယူသွားသော ငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။

၁၆။ မည်သူမဆို ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ မွန်းလွဲ တစ်နာရီ အချိန်မှစ၍ ပုဒ်မ ၂ ပုဒ်မခွဲ (က) ပါ အဖွဲ့အစည်းများပိုင် ငွေကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ငွေစက္ကူများနှင့် လဲလှယ်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုလဲလှယ်သောငွေကို နိုင်ငံပိုင်အဖြစ် သိမ်းယူမည့်အပြင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်အထိ ကျခံစေရမည်။

## အခန်း (၄)

### အထွေထွေ

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။